# ဝက်သက်ရောဂါ

**ဝက်သက်ရောဂါသည် ပြင်းထန်သော ရောဂါတစ်ခုဖြစ်သည်**



ဝက်သက်ရောဂါသည် အနီကွက်များ ဖြစ်ပေါ်၍ ဖျားစေတက်သော ပြင်းထန်သည့် ရောဂါတစ်ခုဖြစ်သည်။

ဝက်သက်ရောဂါသည် အလွန်ကူးစက်လွယ်သည်။ ၎င်းသည် ဝက်သက်ရောဂါရှိသူတစ်ဦး ရှူထုတ်သည့်လေ၊ ချောင်းဆိုးခြင်းများ သို့မဟုတ် နှာချေခြင်းတို့မှတစ်ဆင့် ပျံ့နှံ့သည်။

ကာကွယ်ဆေး ထိုးမထားသူသည် ဝက်သက်ရောဂါ ပိုမိုဖြစ်ပွားနိုင်ချေရှိသည်။

ဝက်သက်ရောဂါသည် အထူးသဖြင့် ကလေးငယ်များနှင့် ငယ်ရွယ်သူများအတွက် အန္တရာယ်ကြီးမားနိုင်သည်။ ရှားပါးသော ဖြစ်ပွားမှုအချို့တွင် အသက် သေဆုံးစေနိုင်သည်။

**သင့်မိသားစုကို ဝက်သက်ရောဂါမှ ကာကွယ်ပါ**



သင့်မိသားစုကို ဝက်သက်ရောဂါမှ ကာကွယ်ရန် အကောင်းဆုံးနည်းလမ်းမှာ ကာကွယ်ဆေးထိုးခြင်းဖြစ်သည်။ ဆရာဝန်များက ကလေးများအားလုံးကို MMR (ပါးချိတ်ရောင်ရောဂါ၊ ဝက်သက်ရောဂါ၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး) ကာကွယ်ဆေး ထိုးရန် အကြံပြုတိုက်တွန်းကြသည်။

MMR ကာကွယ်ဆေးသည် ဝက်သက်ရောဂါကို ကာကွယ်ရာတွင် စိတ်ချရပြီး အကျိုးအာနိသင် ကောင်းမွန်သည်။ ၎င်းသည် ပါးချိတ်ရောင်ရောဂါနှင့် ဂျိုက်သိုးရောဂါကိုလည်း ကာကွယ်ပေးသည်။

MMR ကာကွယ်ဆေးထိုးခြင်းက ဝက်သက်ရောဂါ ဖြစ်ပွားခြင်းထက် ပိုမိုစိတ်ချရသည်။

ဆေးထိုးခြင်းကြောင့် ကလေးအများစုတွင် မည်သည့် ဘေးထွက်ဆိုးကျိုးမှ မဖြစ်ပွားကြပါ။ ထိုသို့ ကာကွယ်ဆေးထိုးခြင်းကြောင့် တွေ့ရှိတတ်သော ဘေးထွက်ဆိုးကျိုးတို့မှာ များသောအားဖြင့် ဖျားခြင်း၊ အနီကွက် အနည်းငယ်ထွက်ခြင်း နှင့် ကိုယ်လက်နာကျင်ခြင်းတို့ကဲ့သော မပြင်းထန်သည့်လက္ခဏာတို့ဖြစ်ပြီး အချိန်ကြာကြာ မဖြစ်တတ်ပေ။

**MMR ရောဂါကာကွယ်ဆေးသည် အထီးကျန် စိတ်ဝေဒနာကို မဖြစ်စေနိုင်ပါ။**

လေ့လာမှုများတွင် အထီးကျန် စိတ်ဝေဒနာနှင့် MMR ရောဂါကာကွယ်ဆေးတို့ ဆက်စပ်မှုရှိသည်ကို မတွေ့ရှိသေးပါ။ ၎င်းကို ကမ္ဘာတစ်ဝှမ်းမှ ဆရာဝန်များနှင့် သိပ္ပံပညာရှင်များ အများအပြားတို့မှ ဂရုတစိုက် လေ့လာခဲ့ကြပြီးဖြစ်သည်။

သိပ္ပံပညာရှင်များသည် မည်သည်က ကလေးငယ်တစ်ဦးကို အထီးကျန် စိတ်ဝေဒနာရရှိရန် ပိုမိုဖြစ်စေနိုင်သလဲဆိုသည်ကို လေ့လာလျက်ရှိသည်။ သိပ္ပံပညာရှင်အများစုက မိသားစုမျိုးရိုးဗီဇများသည် လူတစ်ယောက်ကို အထီးကျန် စိတ်ဝေဒနာ ပိုမိုဖြစ်ပွားစေရန် လုပ်ဆောင်နိုင်သည်ဆိုကြောင်းကို သဘောတူညီကြသည်။

သူတို့သည် အထီးကျန် စိတ်ဝေဒနာရှင် နှင့် ထိုသူတို့နေထိုင်ရာဒေသတို့ကြား ဆက်စပ်မှုများကိုလည်း လေ့လာနေကြသည်။

အကယ်၍ သင့်ထံတွင် ဝက်သက် သို့မဟုတ် MMR ရောဂါကာကွယ်ဆေးအကြောင်း မေးခွန်းထုတ်စရာများ ရှိလာပါက သင့်ဆရာဝန်ထံတွင် မေးမြန်းပါ။

**နောက်ထပ် သတင်းအချက်အလက်တို့အတွက် -**
www.doh.wa.gov/measles
http://kingcounty.gov/health/measles

Somali Health Board — Peace, Unity, Life, Health

Public Health
Seattle & King County

Washington State Department of Health

# သင့်တွင် ဝက်သက်ရောဂါ ဖြစ်ပွားနေသည်ဟု သင်ထင်ပါက မည်သို့လုပ်ဆောင်မည်နည်း

**သင့်တွင် ဝက်သက်ရောဂါ ဖြစ်ပွားနေသည်ဟု သင်ထင်ပါက မည်သို့လုပ်ဆောင်မည်နည်း**

ဝက်သက်ရောဂါ လက္ခဏာများနှင့် ပျံ့နှံ့ကူးစက်ပုံ

ဝက်သက်ရောဂါသည် များသောအားဖြင့် အဖျားကြီးခြင်း၊ ချောင်းဆိုးခြင်း၊ နှာရည်ယိုခြင်း နှင့် မျက်စိများနီရဲပြီး မျက်ရည်ကျခြင်းတို့ စတင်ဖြစ်ပွားတတ်သည်။ သုံးရက်မှ ငါးရက် ကြာပြီးနောက်တွင် အနီကွက်များသည် များသောအားဖြင့် မျက်နှာတွင် စတင်ပေါ်လာတတ်ပြီး ခန္ဓာကိုယ်၏ အခြားအစိတ်အပိုင်းများသို့ ပျံ့နှံ့သွားတတ်သည်။

သင့်တွင် ရောဂါလက္ခဏာများ ပေါ်လာသည်နှင့် သင်သည် ဝက်သက်ရောဂါကို အခြားလူများသို့ ကူးစက်စေနိုင်သည်။ သင်သည် အနီကွက်များ ပျောက်သွားသည့်တိုင်အောင် ရောဂါကူးစက်စေနိုင်သည်။

သင်သည် ဝက်သက်ရောဂါ ဖြစ်ပွားနေသည့်သူနှင့် တစ်ခန်းတည်းနေရုံမျှဖြင့် ဝက်သက်ရောဂါ ဖြစ်ပွားနိုင်သည်။ ထိုဖြစ်ပွားနေသူသည် အခန်းထဲမှ ထွက်သွားပြီးနောက် နှစ်နာရီကြာသည့်တိုင်အောင် ဝက်သက်ဗိုင်းရက်စ်ပိုးသည် လေထဲတွင်  ရှိနေနိုင်သည်။

**သင့်တွင် ရောဂါလက္ခဏာများ ပေါ်လာပါက ချက်ချင်းပင် သင့်ဆရာဝန် သို့မဟုတ် ဆေးခန်းသို့ဖုန်းဆက်ပါ။**

သင့်ဆရာဝန် သို့မဟုတ် ဆေးခန်းမှ သင်သည် ဆေးခန်းသို့ ပြသရန် လိုပါက သင့်ကို အသိပေးလိမ့်မည်။

ဝက်သက်ရောဂါသည် အလွန်ကူးစက်လွယ်ပြီး သင်သည် နားနေခန်းထဲမှ အခြားလူများကို ရောဂါကူးစက်စေနိုင်သည်။

**သင်မသွားရောက်မီ** သင့်ဆရာဝန် သို့မဟုတ် ဆေးခန်းကို သင့်တွင် ဝက်သက်ရောဂါလက္ခဏာများ ရှိနေသည်ကို ပြောပြရန် အရေးကြီးသည်။ သင်သည် ဝက်သက်ရောဂါပိုးများကို မဖြန့်ဝေမိစေရန်အတွက် ၎င်းတို့က သင့်အား ညွှန်ကြားချက်များ ပေးလိမ့်မည်။

**သင့်တွင် ဝက်သက်ရောဂါ ဖြစ်ပွားနေပါက အိမ်တွင်သာ နေပါ**

ဝက်သက်ရောဂါကို အခြားသူများသို့ မဖြန့်ဝေမိစေရန် အရေးကြီးသည်။

သင့်တွင် ဝက်သက်ရောဂါ ဖြစ်ပွားနေပါက အိမ်တွင်သာ နေပါ။ ကျောင်း၊ အလုပ်၊ စတိုးဆိုင် သို့မဟုတ် အခြားလူအိမ်များသို့ မသွားပါနှင့်။

သင် သို့မဟုတ် သင့်ကလေးတွင် ဖျားနာမှု သို့မဟုတ် အနီကွက်ထွက်မှုများ ရှိနေလျှင် ဧည့်သည်မလာပါစေနှင့်။

**နောက်ထပ် သတင်းအချက်အလက်တို့အတွက် -**
www.doh.wa.gov/measles
http://kingcounty.gov/health/measles

DOH 348-651 , August 2017  Burmese

ဤစာကို မသန်စွမ်းသူများအတွက် အခြားသော ပုံစံတို့ဖြင့် ရရှိနိုင်ပါသည်။
တောင်းဆိုမှုတစ်ခု တင်ပြရန် ကျေးဇူးပြု၍ 1-800-525-0127 (TTY/TDD 1-800-833-6388) သို့ ခေါ်ဆိုပါ။